BURMESE

Court Network



# တရားရုံး၌ သင့် တစ်နေ့တာ

A Guide

Magistrates' Court

# ရာဇဝတ်တရားရုံးရှိ တရားရုံး ကိစ္စများ

**မှုခင်း-** ရဲတပ်ဖွဲ့က သင့်အား ဥပဒေချိုးဖောက်သည်ဟု ပြောသည့်ကိစ္စ။  ဥပမာ၊ ယာဉ်စည်းကမ်းချိုးဖောက်မှု၊ ခိုးမှု သို့မဟုတ် လက်ရောက်မှု။

**တရားမမှု-** နှစ်ဦးနှစ်ဖက်ကြား အငြင်းပွားမှု။ ဥပမာ၊ အကြွေး၊ စာချုပ်ချိုးဖောက်ခြင်း၊ ဒဏ်ကြေးများမပေးခြင်း။

**တားမြစ်အမိန့်များ-** ဥပမာအားဖြင့် မိသားစု ဝင်၊ အိမ်နီးနားချင်း၊ သူစိမ်းတစ်ဦးစသည့် အခြားသူတစ်ဦးအား တစ်ဦးတစ်ယောက်မှ အကြမ်းဖက်သည့် သို့မဟုတ်  ထိခိုက်နစ်နာစေသည့်ကိစ္စဖြစ်ပြီး ရဲတပ်ဖွဲ့ သို့မဟုတ် ထိခိုက်နစ်နာသူသည် အကာအကွယ်ပေးရန် တားမြစ်အမိန့် လျှောက်ထားခြင်း။



# တရားရုံးအတွက် ပြင်ဆင်ခြင်း

## တရားရုံးသို့ သွားခြင်း

- တရားရုံးများသည် ပြည်သူ့သယ်ယူပို့ဆောင်ရေးယာဉ်များအနီးတွင် အမြဲမရှိနိုင်သလို၊ ကားရပ်နားခြင်းသည် အမြဲတမ်း အခမဲ့ သို့မဟုတ် မရှိနိုင်ပါ။ သင့်တရားရုံးရက်မတိုင်မီ တရားရုံးသို့ သင်လာရမည့်နည်းကို စဉ်းစားပါ။
- တရားရုံးအဆောက်အအုံထဲသို့ ဝင်ရန် လုံခြုံရေးကို ဖြတ်ကျော်ခြင်း  တရားရုံးသို့ လက်နက်များ သို့မဟုတ် ချွန်ထက်သောအရာများ ယူဆောင်လာခြင်း မပြုရ။

## စကားပြန်လိုအပ်ပါက

- တရားရုံးတွင် သင့်အား ကူညီရန် စကားပြန်လိုအပ်ပါက သင့်ရုံးချိန်းမတိုင်မီ တရားရုံးသို့ ဖုန်းဆက်ပါ၊ သင်သည် အခမဲ့ စကားပြန်ရနိုင်ပါသည်။
- သင်စကားပြန်လိုပါက စကားပြန်သုံးရန် အရေးကြီးပါသည်။  တရားရုံးမှ အဖြစ်အပျက်များကို နားလည်ရန် အရေးကြီးပါသည်။
- အကယ်၍ သင်သည် စကားပြန် ကြိုတင်ရယူထားပါက၊ စကားပြန်မပါဘဲ သင့်တရားရုံးကြားနာမှုကို မပြုလုပ်သင့်ပါ။  စကားပြန်တစ်ဦး ကြိုတင်ရယူထားခြင်း ရှိ၊ မရှိ မသေချာပါက မှတ်ပုံတင်ဌာနတွင် စစ်ဆေးပါ။

## တရားရုံးသည် တနေကုန် ကြာနိုင်ပါသည်

- သင်သည် တရားရုံးတွင် နာရီအနည်းငယ်သာရှိရန် သို့မဟုတ် တစ်နေကုန် ရှိရန် လိုအပ်နိုင်သောကြောင့် သင့်တရားရုံးနေ့တွင် အခြားချိန်းဆိုမှုများ မပြုလုပ်သင့်ပါ။  သင့်တွင် ကလေးများ သို့မဟုတ် သင်တာဝန်ယူနေသောလူများ ရှိပါက၊ ၎င်းတို့ကို တစ်နေ့တာအတွက် တာဝန်ယူနိုင်မည့် အခြားတစ်ဦးကို စီစဉ်ထားရန် ကြိုးစားပါ သို့မဟုတ် တရားရုံးကို အသိပေးပါ။

## ဥပဒေအကြံဉာဏ်

- တရားရုံးမသွားမီ ဥပဒေအကြံဉာဏ်ရယူရန် အကြံပြုပါသည်။  အကယ်၍ ရှေ့နေတစ်ဦးနှင့် စကားမပြောရသေးပါက၊ သင်သည် တာဝန်ကျရှေ့နေ ရယူနိုင်ခြင်း ရှိမရှိအား မှတ်ပုံတင်ဌာနကို မေးမြန်းနိုင်ပါသည်။

# ပံ့ပိုးမှု

- ဖြစ်နိုင်ပါက အကူအညီပေးမည့်သူအား သင်နှင့်အတူ တရားရုံးသို့ ခေါ်လာပါ။ ၎င်းသည် သူငယ်ချင်း သို့မဟုတ် မိသားစုဝင်တစ်ဦးဖြစ်နိုင်သည်။ ထိုသို့မဖြစ်နိုင်ပါက သို့မဟုတ် တရားရုံးနှင့် ၎င်း၏လုပ်ငန်းစဉ်များနှင့် ရင်းနှီးသူတစ်ဦးထံမှ ထပ်လောင်းအကူအညီကို လိုချင်ပါက၊ Court Networkသို့ ၁၈၀၀ ၅၇၁ ၂၃၉ မှ တစ်ဆင့် ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါသည်။

# ဝတ်စားဆင်ယင်ခြင်းနှင့် ယူဆောင်လာရမည့်အရာများ

- သန့်ရှင်းသပ်ရပ်သော အဝတ်အစားများကို ဝတ်ဆင်ပါ
- အဆာပြေစားစရာနှင့် ရေ၊ အားအပြည့်ဖြည့်ထားသော ပစ္စည်းများနှင့် သင့်ကိစ္စ/အမှုနှင့် သက်ဆိုင်သော စာရွက်စာတမ်းများမဆို ယူဆောင်လာပါ
- ဦးထုပ်မဆောင်းရ၊ သတ္တု သို့မဟုတ် ဖန်ပစ္စည်းများ တရားရုံးသို့ မယူရ။



# တရားရုံး

## သင် ရောက်ရှိသောအခါ

- တရားရုံးရောက်ရှိသောအခါ မှတ်ပုံတင်ဌာနသို့ သွားပါ။
- သင် တရားရုံးကြားနာရန်လာကြောင်းကို မှတ်ပုံတင်ဌာနဝန်ထမ်းအား ပြောပြပြီး၊ သင့်တရားရုံး စာရွက်စာတမ်းများကို ပြသပါ။
- တရားရုံးမှ သင့်အား စကားပြန် ကြိုတင်စီစဉ်ထားပါက စကားပြန်လာမည့်အချိန်ကို ဝန်ထမ်းများအား မေးမြန်းပါ။ စကားပြန် မစီစဉ်ရသေးဘဲ သင် လိုအပ်ပါက၊ စကားပြန်ရှိမရှိ ဝန်ထမ်းများကို မေးမြန်းပါ။
- မှတ်ပုံတင်ဌာနဝန်ထမ်းများသည် သင့်တွင် ရှေ့နေရှိ၊ မရှိ သို့မဟုတ် သင့်ကိုယ်တိုင် လျှောက်လဲခြင်း ဟုတ်မဟုတ်ဟု မေးမြန်းပါလိမ့်မည်။  သင့်တွင် ရှေ့နေ မရှိပါက၊ တရားရုံးရှိ တာဝန်ကျရှေ့နေတစ်ဦး ရှိမရှိ စစ်ဆေးသင့်သည်။
- မှတ်ပုံတင်ဌာနသည် သင့်အမှုကို မည်သည့်တရားရုံးအခန်းတွင် ကြားနာရမည်ကို သင့်အား ပြောပြနိုင်သည်။
- သင့်တွင် ဘေးအန္တရာယ်အတွက် စိုးရိမ်မှုများရှိပါက မှတ်ပုံတင်ဌာန သို့မဟုတ် လုံခြုံရေးဌာနကို ပြောပြပါ။

## သင့်အမှုကို စောင့်နေချိန်အတွင်း

- သင့်အမှုကို ကြားနာရန် စောင့်ဆိုင်းနေစဉ်အတွင်း သင် စောင့်ဆိုင်းနိုင်သော စောင့်ဆိုင်းရန်နေရာ ရှိပါသည်။ နာရီအနည်းငယ် စောင့်ဆိုင်းရနိုင်သည့်အတွက် စိတ်ရှည်ရှည် ထားပါ။
- အကြောင်းတစ်ခုခုကြောင့် တရားရုံးမှ ထွက်ခွာရန် လိုအပ်ပါက၊ သင့်အမှုကို လွတ်မသွားစေရန် မှတ်ပုံတင်ဌာနသို့ အကြောင်းကြားပါ။
- စကားပြန်တစ်ဦးကို ကြိုတင်စီစဉ်ထားပါက စကားပြန် မရောက်လာမချင်း သင့်အမှု မစတင်သင့်ပါ။
- သင့်အမှု အဆင်သင့် ဖြစ်ပါက၊ တရားရုံးခန်းမှ သင့်အား ခေါ်ပါမည်။



# တရားရုံးခန်း

- သင့်အမှုကို ခေါ်ပါက တရားရုံးခန်းသို့ သွားပါ။
- သင့်ဖုန်းကို အသံတိတ်ထားပါ။
- အခန်းအဝင်အထွက်တွင် တရားသူကြီးအား ဦးညွှတ်ပါ။
- တရားသူကြီးသည် သင့်အမှုနှင့်ပတ်သက်၍ ဆက်စပ်နေသည့်မေးခွန်းအချို့ကို မေးမြန်းနိုင်ပါသည်။ သင့်တွင် ရှေ့နေရှိပါက ၎င်းတို့ကို သင့်အတွက် လျှောက်ထားခွင့်ပေးသော်လည်း သင့်တွင် ရှေ့နေမရှိပါက တရားသူကြီးထံ လျှောက်ထားနိုင်သည်။ တရားသူကြီးအား “Your Honour” ဟု သုံးနှုန်းခေါ်ဆိုပါ။
- အမှုအကြောင်း ကြားနာပြီးနောက် တရားသူကြီးက ဘာလုပ်ရမည်ကို ဆုံးဖြတ်ပါမည်။ သင်သည် တရားရုံးသို့ ပြန်လာရန် လိုအပ်နိုင်သည်၊ သို့မဟုတ် သင်၏ အမှုသည် ထိုနေ့တွင် ပြီးသွားနိုင်သည်။
- ကြားနာမှုအကြောင်း ရှင်းရှင်းလင်းလင်း မသိပါက၊ တရားသူကြီးအား မေးခွန်းများ မေးမြန်းနိုင်ပါသည်။

# တရားရုံးပြီးနောက်

- သင့်အမှုတွဲအား တရားသူကြီးက အပြီးသတ်အမိန့်ချပြီးနောက် စာရွက်စာတမ်းများကို စုဆောင်းရန် သို့မဟုတ် လက်မှတ်ထိုးရန် လိုအပ်နိုင်ပါသည်။
- တရားရုံးမှမထွက်မီ မှတ်ပုံတင်ဌာနသို့ သွား၍ သင်လုပ်ဆောင်ရမည့်အရာများ ရှိ၊ မရှိ စစ်ဆေးပါ။
- သင့်တွင် တရားရုံးပြီးနောက် မေးခွန်းများရှိပါက သို့မဟုတ် တရားရုံးသို့ ပြန်လာရန်ရှိပြီး အကူအညီလိုပါက Court Networkသို့ ၁၈၀၀ ၅၇၁ ၂၃၉ မှတစ်ဆင့် ဖုန်းခေါ်နိုင်ပါသည်။


ရာဇဝတ်
တရားရုံး စာရေး
တရားခံ/ရှေ့နေ
အစိုးရရှေ့နေ/ရဲ
သက်သေ နေရာ
အများသူငှာ ကြည့်နိုင် သော နေရာ

Victorian Legal Services
**BOARD + COMMISSIONER**
Funded through the Legal Services Board Grants Program

Court Network
၁၈၀၀ ၅၇၁ ၂၃၉
www.courtnetwork.com.au
admin@courtnetwork.com.au
Lvl 5၊ 555 Lonsdale Street၊
Melbourne၊ Vic၊ 3000

ဤသည်မှာ တရားရုံး၌ သင့်တစ်နေ့တာအတွက် လမ်းညွှန်ချက် ဖြစ်ပါသည်။ တရားရုံး လုပ်ငန်းစဉ်များ ပြောင်းလဲနိုင်သဖြင့် ဤအကြောင်းအချက်များ အပြောင်းအလဲ ရှိနိုင်ပါသည်။

အခြားဘာသာများ အပါအဝင် အွန်လိုင်း အရင်းအမြစ်များကို ဝင်ရောက်ကြည့်ရှုရန်

Court Networkသို့ လွှဲပြောင်းပေးပို့ရန်